Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod,Tak, 63110,Thailand.  Tel : 66 81 7241281. E-mail : ndddrd07@csloxinfo.com

# အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
# အမှတ်စဉ် (၃၁၃)

## “ပြည်သူတို့ကို သူတို့ကျောခိုင်းသွားကြလေပြီ”

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ ဟာ မြန်မာပြည်က ပြန်လည်မထွက်ခွာမီ နိုဝင်ဘာလ(၈)ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မေတ္တာရပ်ခံချက်အရ နိုဝင်ဘာ(၈)ရက်နေ့ ရက်စွဲပါ သူမရဲ့ကြေညာချက်ကို ယူဆောင်သွားပြီး စင်္ကာပူနိုင်ငံအရောက်မှာ ထုတ်ပြန်ပေးခဲ့ပါတယ်။ ဒီကြေညာချက်ပါ အကြောင်းအရာတွေနဲ့ စကားလုံးအသုံးအနှုန်းတွေကို ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်မယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဉာဏ်ပညာအမြော်အမြင် ကြီးမားထက်မျက်မှုကို သိသာနိုင်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဒီကြေညာချက်ထဲမှာ နအဖက ဗိုလ်ချုပ်အောင်ကြည်ကို အောက်တိုဘာ(၈)ရက်နေ့မှာ ဆက်ဆံရေးဝန်ကြီးခန့်ပြီး အောက်တိုဘာ(၂၅)ရက်နေ့မှာ ပထမအကြိမ်တွေ့ဆုံခဲ့တာကို အပြုသဘောနဲ့ကြိုဆိုခဲ့ပေမဲ့ ပုံမှန်ဆွေးနွေးပွဲတွေကို ဆက်လက်ပြုလုပ်ဖို့၊ နအဖခေါင်းဆောင်အဆင့်တွေနဲ့ အမိပ္ပါယ်ပြည့်ဝပြီး အချိန်ကန့်သတ်မှုတွေပါဝင်တဲ့ တွေ့ဆုံဆွေးနွေးပွဲတွေကို စောနိုင်သမျှအစောဆုံး စတင်နိုင်အောင် ပဏာမအဆင့် ဆွေးနွေးညှိနှိုင်းမှုတွေကို အမြန်အဆုံးသတ်ပေးဖို့ သတိပေး တိုက်တွန်းနိုးဆော်ထားတာကို တွေ့နိုင်ပါတယ်။

သူမအနေနဲ့ တစ်မျိုးသားလုံးအကျိုးစီးပွားအတွက် တွေ့ဆုံဆွေးနွေးပွဲတွေအောင်မြင်အောင် စစ်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ရှိနေပေမဲ့ နိုင်ငံရေးပါတီတစ်ခုရဲ့အခန်းကဏ္ဍ၊ အဖွဲ့ချုပ်ပါတီဝင်တွေရဲ့ ကိုယ်ကျိုးစွန့်အနစ်နာခံမှုတွေနဲ့ သူမရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဆိုတဲ့တာဝန်တွေအရ အဖွဲ့ချုပ်ရဲ့ရည်မှန်းချက်တွေနဲ့ မူဝါဒတွေကို အပြည့်အဝ လိုက်နာခံယူသွားမယ်လို့ ဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။

ဒီမိုကရေစီအင်အားစုအားလုံး သွေးစည်းခိုင်မာမှုနဲ့ အမျိုးသားညီညွတ်ရေး အရေးတကြီးလိုအပ်နေတဲ့ ဒီလိုအချိန်မျိုးမှာ နိုင်ငံရေးအဖွဲ့အစည်းတွေ၊ နိုင်ငံရေးအင်အားစုတွေ၊ အထူးသဖြင့် တိုင်းရင်းသားလူမျိုးစုအားလုံးရဲ့ သဘောထားဆန္ဒ တွေနဲ့ အကျိုးစီးပွားတွေအတွက် သူမအနေနဲ့ အလေးအနက်ထား စဉ်းစားပေးရမဲ့တာဝန်လည်း ရှိနေတာကြောင့် ဒီရည်မှန်းချက်တွေအောင်မြင်ဖို့အတွက် နအဖနဲ့ သက်ဆိုင်ရာ နိုင်ငံရေးအင်အားစုတွေကို သူမနဲ့အတူ လက်တွဲကြဖို့ ဖိတ်ခေါ်ကြောင်း ဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။

သူမဘက်က တစ်လျှောက်လုံး အပြည့်အဝ ရပ်တည်ပေးခဲ့ကြတဲ့ ပြည်တွင်းပြည်ပအင်အားစုတွေနဲ့ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတွေအတွက် မယိမ်းမယိုင် ထောက်ခံအားပေးနေတဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် တို့ကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း၊ ဒီဆွေးနွေးပွဲတွေ အောင်မြင်ဖို့အတွက် ကုလသမဂ္ဂရဲ့အခန်းကဏ္ဍကိုလည်း ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံမှာ အေးချမ်းတည်ငြိမ်ပြီး ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေကို အပြည့်အဝ ခံစားရမှသာ အိမ်နီးချင်းနိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေနဲ့လည်း ပိုမိုရင်းနှီးပွင့်လင်းစွာ ပူးပေါင်းဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးတွေနဲ့ တည်ငြိမ်ရေးတွေကို အပြည့်အဝ ဆောင်ရွက်နိုင်မှာဖြစ်တဲ့အပြင် နိုင်ငံတကာမိသားစုအသိုင်းအဝိုင်းမှာလည်း သိက္ခာရှိရှိနဲ့ ပါဝင်အကျိုးပြုနိုင်မယ်လို့ယုံကြည်ကြောင်း တွေကိုလည်း ထည့်သွင်းဖော်ပြထားတာ တွေ့ရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဒီကြေညာချက်ဟာ ပညာသားပါလွန်းတဲ့အတွက် နအဖဗိုလ်ချုပ်ကြီးတွေကို နာလိုခံခက်ဒေါသထွက်သွားစေခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြေငြာချက်ကို ကုလသမဂ္ဂအထူးကိုယ်စားလှယ်ကိုယ်တိုင် ယူဆောင်သွားပြီး ပြည်ပမှာထုတ်ပြန်ပေးရတယ်ဆိုကတည်းက ဒေါ်အောင်ဆန်းစုကြည်ဟာ ဘယ်လိုအခြေအနေတွေအောက်မှာ နအဖနဲ့ တွေ့ဆုံဆွေးနွေးနေရတယ်ဆိုတာကို ပြည်တွင်းပြည်ပက ရှင်းရှင်းလင်းလင်း သဘောပေါက်သွားကြမှာ သေချာပါ

တယ်။ နအဖက ကြိုတင်စည်းကမ်းချက်တွေ သတ်မှတ်ပြီး သူတို့လိုရာဆွဲ ဆွေးနွေးနိုင်ဖို့ ကြိုးစားပေမဲ့ သူမအနေနဲ့ ပါတီက ချမှတ်ပေးထားတဲ့ မူဝါဒတွေအတွင်းကသာ လိုက်နာဆွေးနွေးသွားနိုင်မယ်ဆိုတာကို နအဖနဲ့ ပြည်သူတွေသိရှိအောင်လည်း အတိအလင်း ဖော်ပြထားတာ တွေ့နိုင်ပါတယ်။ ဒါ့အပြင် ဆွေးနွေးပွဲတွေ အောင်မြင်ဖို့အတွက် ကုလသမဂ္ဂအပါအဝင်၊ အိမ်နီးချင်းနိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းအားလုံးမှာ တာဝန်ရှိတဲ့အလျောက် ဝိုင်းဝန်းကူညီကြဖို့လည်း တိုက်တွန်းထားတာ တွေ့နိုင်ပါတယ်။ ဒီမိုကရေစီအင်အားစုအားလုံး သွေးစည်းခိုင်မာဖို့နဲ့ အမျိုးသားညီညွတ်ရေးအတွက် (နအဖအပါအဝင်) နိုင်ငံရေးအဖွဲ့အစည်းတွေ၊ နိုင်ငံရေးအင်အားစုတွေနဲ့ တိုင်းရင်းသားလူမျိုးစုအားလုံး သူမနဲ့အတူ လက်တွဲဆောင်ရွက်ကြဖို့လည်း ဖိတ်ခေါ်ထားတာ တွေ့နိုင်ပါတယ်။ ဒီအချက်ဟာ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးအထိ ဦးတည်ဖော်ဆောင်နိုင်ဖို့ တိုင်းရင်းသားလူမျိုးစုတွေအပါအဝင် အင်အားစုအသီးသီးကို ပညာသားပါပါ ကမ်းလှမ်းလိုက်တာ ဖြစ်ပါတယ်။

ပြည်တွင်းပြည်ပဖိအားတွေ လျှော့နည်းသက်သာစေဖို့ရည်ရွယ်ချက်နဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးပြီး ငါ့မြင်းငါစိုင်း လမ်းပြမြေပုံနဲ့ စစ်အာဏာရှင်စနစ်ပန်းတိုင်အရောက် ဆက်လက်ချီတက်သွားဖို့ ခိုင်ခိုင်မာမာ ဆုံးဖြတ်ထားတဲ့ နအဖစစ်ဗိုလ်ချုပ်တွေဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပညာသားပါလှတဲ့ ထုတ်ပြန်ကြေညာချက်ကို ဘယ်လိုမှ လက်မခံနိုင်ပါဘူး။ အထူးသဖြင့် သူတို့အတွက် (၁၄)နှစ်ကြာ ကျားကုတ်ကျားခဲ ကြိုးစားထားရတဲ့ စစ်အာဏာရှင်စနစ်ရဲ့အုတ်မြစ် အခြေခံမူတွေအားလုံးကို သပိတ်ဝင်အိပ်ဝင် ဖြစ်ပြီးကာမှ တစ်ကပြန်စပြီးဆွေးနွေးရမှာကို ဘယ်လိုမှ သဘောတူလက်ခံနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ နအဖရဲ့အတုအယောင် အမျိုးသားညီလာခံကို တက်ရောက်ခဲ့ကြရတဲ့ တိုင်းရင်းသားလူမျိုးစု အပစ်ရပ်အဖွဲ့တွေ၊ လက်နက်ချအဖွဲ့တွေနဲ့ နိုင်ငံရေးပါတီတချို့အနေနဲ့ ညီလာခံအတွင်းမှာတုန်းက နအဖကို မလွန်ဆန်နိုင်လို့ အောင့်သီးအောင့်သက်နဲ့ ခေါင်းညိတ်လက်ခံသွားရပေမဲ့ အခုလို ပြည်တွင်းပြည်ပဖိအားတွေကြောင့် နအဖဗိုလ်ချုပ်တွေက ဒေါ်အောင်ဆန်းစုကြည်နဲ့ မလွှဲမရှောင်သာ တွေ့ဆုံဆွေးနွေးရမဲ့အချိန်မျိုးမှာ ဒီအင်အားစုတွေ ခေါင်းပြန်ထောင်လာပြီး ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံပူးပေါင်းသွားမှာကို နအဖဗိုလ်ချုပ်တွေက အလွန်စိုးရိမ်သွားခဲ့ပါတယ်။

“ဝ” အမျိုးသားသွေးစည်းညီညွတ်ရေးပါတီ **(UWSP)**၊ မြန်မာနိုင်ငံလူမျိုးစုများ ဒီမိုကရေစီမဟာမိတ်တပ်ပေါင်းစု **(MNDA)**၊ ရှမ်းပြည်နယ်အရှေ့ပိုင်း အမျိုးသားဒီမိုကရေစီမဟာမိတ်အဖွဲ့ (အခါ) **(NDAA)**နဲ့ ဒီမိုကရေစီသစ် တပ်မတော် (ကချင်) **(NDA-K)**၊ အဖွဲ့တွေ စုပေါင်းဖွဲ့စည်းထားတဲ့ **(PDF)** ခေါ် ငြိမ်းချမ်းရေးနဲ့ဒီမိုကရေစီတပ်ဦးရဲ့ ၂၀၀၇ ခုနှစ် အောက်တိုဘာ(၁၈)ရက်နေ့ ရက်စွဲနဲ့ ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်ထဲမှာလည်း “တပ်မတော်အစိုးရအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂ၏ ပါဝင်ကူညီမှုကိုလက်ခံရန်နှင့် ပါတီစုံ၊ အဖွဲ့စုံနှင့် တန်းတူတွေ့ဆုံညှိနှိုင်းမှုလုပ်ရန် ဤတပ်ဦးက ပန်ကြားအပ်သည်။” ဆိုတဲ့ အချက်ပါဝင်လာတာ တွေ့နိုင်သလို၊ ၂၀၀၇ အောက်တိုဘာ(၁၅)ရက်နေ့မှ (၂၀)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့တဲ့ **(KIO)** ဗဟိုကော်မတီရဲ့ (၁၅)ကြိမ်မြောက်စုံညီအစည်းအဝေး ထုတ်ပြန်ချက်မှာလည်း နအဖကဖွဲ့စည်းလိုက်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အနေနဲ့ တိုင်းရင်းသားလူမျိုးစုတွေရဲ့ လိုလားတောင်းဆိုချက်တွေကို ထည့်သွင်းပြဋ္ဌာန်း ရေးဆွဲပေးရန် အထူးလိုအပ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂမှ မြန်မာ့နိုင်ငံရေးအကျပ်အတည်းများကို တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် ဖြေရှင်းသွားရေး အကြံပြုတိုက်တွန်း၊ လုပ်ဆောင်ချက်များကို ကြိုဆိုကြောင်း ထည့်သွင်းဖော်ပြလာတာ တွေ့ရတဲ့အတွက်လည်း နအဖဗိုလ်ချုပ်တွေရဲ့ စိုးရိမ်မှုဟာ ပိုကြီးသွားတာ ဖြစ်နိုင်ပါတယ်။

ဒါကြောင့် နအဖရဲ့ စစ်ဘက်ရေးရာလုံခြုံရေးအဖွဲ့နဲ့ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့တို့ ပူးပေါင်းပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြေညာချက်ကို ချက်ချင်းဆန့်ကျင်ကန့်ကွက်ဖို့အတွက် သက်ဆိုင်ရာစစ်တိုင်းမှူးတွေရဲ့ အကူအညီနဲ့ တိုင်းရင်းသားလူမျိုးစု အပစ်ရပ်အဖွဲ့တွေ၊ လက်နက်ချအဖွဲ့တွေနဲ့ နိုင်ငံရေးပါတီတချို့ကို သဘောထားကြေညာချက်တွေ အလျင်အမြန် ထုတ်ပြန်ကြဖို့ ဖိအားပေးဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ နအဖရဲ့ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ ဒုတိယခေါင်းဆောင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ခေါင်းဆောင်တဲ့အဖွဲ့ဟာ နိုဝင်ဘာ(၁၄)ရက်နေ့မှာ ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့ကို ရောက်ရှိလာခဲ့ပြီး ဒေသတွင်းရှိ အပစ်ရပ်အဖွဲ့တွေ၊ လက်နက်ချအဖွဲ့တွေ၊ ဌာနေပြည်သူ့စစ်အဖွဲ့တွေ၊ သောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့တွေနဲ့ လူမျိုးစုနိုင်ငံရေးပါတီတွေက ခေါင်းဆောင်တွေကို ခေါ်ယူတွေ့ဆုံပြီး ဖိအားပေးအကျပ်ကိုင်ခဲ့သလို နိုဝင်ဘာ(၁၆)ရက်နေ့မှာလည်း ကချင်ပြည်နယ်အတွင်းရှိ အပစ်ရပ်အဖွဲ့တွေနဲ့ လက်နက်ချအဖွဲ့တွေကို မြစ်ကြီးနားမှာ ခေါ်ယူတွေ့ဆုံပြီး ခြိမ်းခြောက်အကျပ်ကိုင်တာတွေ လုပ်ခဲ့တာတွေ့ရပါတယ်။

နိုဝင်ဘာ (၁၄)ရက်နေ့ထုတ် နအဖ သတင်းစာတွေကစပြီး “ဒေါ်အောင်ဆန်းစုကြည်၏ ကြေညာချက်ပါအချက်များနှင့်စပ်လျဉ်း၍ တရားဝင်ဖွဲ့စည်းထားသော နိုင်ငံရေးပါတီများ၊ ဥပဒေဘောင်အတွင်းဝင်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက သဘောမတူ ကန့်ကွက်ကြောင်း ထုတ်ပြန်ကြေညာ” ဆိုတဲ့ ခေါင်းစဉ်တွေတပ်ပြီး အဖွဲ့အစည်းတချို့ရဲ့ ထုတ်ပြန်ကြေညာချက်ဆိုတာတွေကို နေ့စဉ်ရက်ဆက် အသားပေး ဖော်ပြခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြေညာချက်ကို ပထမဆုံး ဗွေဆော်ဦး စတင်ကန့်ကွက်ပြခဲ့တဲ့အဖွဲ့တွေကတော့ အထူးဒေသ(၆) ပအိုဝ်အမျိုးသားအဖွဲ့ချုပ်**(PNO)** နဲ့ ပြည်ထောင်စု ပအိုဝ်အမျိုးသားအဖွဲ့ချုပ် (ပ–အ–မ–ဖ) **(UPNO)** တို့ ဖြစ်ပါတယ်။ ဒီအဖွဲ့တွေရဲ့ခေါင်းဆောင်တွေဟာ ပအိုဝ် အမျိုး

သမီးတစ်ဦးဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးကတော် ဒေါ်ကြိုင်ကြိုင်နဲ့နီးစပ်သူတွေ ဖြစ်တဲ့အပြင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ အထူးအခွင့်အရေးပေးမှုတွေကိုလည်း ခံရသူတွေဖြစ်တယ်လို့ ဆိုပါတယ်။ နိုဝင်ဘာ(၁၅)ရက်နေ့ထုတ် နအဖသတင်းစာတွေမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည)၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် "ဝ"အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး **(DKBA)**၊ ကယန်းအမျိုးသား ကာကွယ်ရေးတပ်၊ ကယန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(ကယားအထူးဒေသ–၁)၊ တို့ရဲ့ တန်ပြန်ကြေညာချက်တွေကို ဖော်ပြခဲ့တာ တွေ့ရပါတယ်။

နိုဝင်ဘာ (၁၆)ရက်နေ့ထုတ် နအဖသတင်းစာတွေမှာလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော် လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ မြို ခေါ် ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့၊ ရှမ်းပြည် (မြောက်ပိုင်း) အထူးဒေသ(၃) အက်စ်အက်စ်အေ အဖွဲ့၊ (ရှမ်း/မြောက်) အထူးဒေသအမှတ်(၅) ကချင်တိုင်းရင်းသားများ တိုးတက်ရေးနှင့် လုံခြုံရေးတပ်မတော် **(KDA)**၊ ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ)၊ နိုဝင်ဘာ (၁၇)ရက်နေ့ထုတ် နအဖသတင်းစာတွေမှာ ရှမ်းပြည်အမျိုးသားတပ်မတော် တပ်မဟာ(၁၉)၊ ရှမ်းပြည်မြောက်ပိုင်းအထူးဒေသ(၇) ပလောင်တိုင်းရင်းသားအဖွဲ့၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်သာချောင်ချိရေးအဖွဲ့၊ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့်အဖွဲ့ ဘုရားကုန်းငြိမ်းချမ်းရေးအထူးဒေသ ကရင်ပြည်နယ်၊ ကယန်းပြည်သစ်ပါတီငြိမ်းချမ်းရေးအဖွဲ့ **(Kayan New Land Party Peaceful Association)**၊ ကယားပြည်နယ် ကရင်နီ အမျိုးသားငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(KNPDP)**၊ တို့အပြင် ဒီနေ့ နိုဝင်ဘာ(၁၇)ရက်နေ့ထုတ် နအဖသတင်းစာတွေမှာတော့ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကချင်ပြည်နယ် အထူးဒေသ(၁) **(NDA-K)**၊ ရွှေပြည်အေး **(S.P.A) MTA** တပ်ဖွဲ့ဝင်ဟောင်းမိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ဦးလဆန်အောင်ဝါ ငြိမ်းချမ်းရေးအဖွဲ့၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ **(KNDP)**၊ ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့(မော်ချီးဒေသ)၊ တို့ရဲ့ တန်ပြန်ကြေညာချက်တွေကို ဝေဝေဆာဆာ ခန်းခန်းနားနား ထည့်သွင်းဖော်ပြထားတာ တွေ့ရပါတယ်။

ဒီအဖွဲ့တွေရဲ့ ထုတ်ပြန်ကြေညာချက်တွေကို ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်မယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည် က တိုင်းရင်းသားလူမျိုးစုတွေကို ကိုယ်စားပြုပြီး တွေ့ဆုံဆွေးနွေးမယ်လို့ ကြေညာခဲ့တာကို လက်မခံနိုင်ဘူး၊ နအဖရဲ့ ဒို့အရေးသုံးပါးနဲ့ အမျိုးသားညီလာခံကချမှတ်ခဲ့တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံမူတွေကိုသာ ထောက်ခံတယ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရေးကော်မရှင်ဖွဲ့စည်းမှုနဲ့ အခြေခံဥပဒေပေါ်ပေါက်ရေးကိုလည်း ကြိုဆိုထောက်ခံတယ်၊ နိုင်ငံတော်ရှေ့ဆက်သွားရမဲ့ မူဝါဒလမ်းစဉ်(၇)ရပ်ကို ထောက်ခံပြီး နိုင်ငံတော်အစိုးရနဲ့ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမယ်၊ စတဲ့အချက်တွေကိုသာ အဓိကထားပြီး ဖော်ပြထားတာ တွေ့နိုင်ပါတယ်။

ဒီအချက်တွေဟာ နိုဝင်ဘာ(၁၂)ရက်ကနေ (၁၆)ရက်နေ့အထိ ကြပ်ပြေးနေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ကြံ့ဖွံ့အဖွဲ့ရဲ့ သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၇) က ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်(၅)ရပ်ဆိုတာနဲ့ တပုံစံတည်း တူညီနေတာကို တွေ့နိုင်ပါတယ်။ နိုဝင်ဘာ(၁၆)ရက်နေ့ ရက်စွဲနဲ့ ထုတ်ပြန်ခဲ့တဲ့ ကြံ့ဖွံ့အသင်းရဲ့ သဘောထားထုတ်ပြန်ကြေညာချက် (၁/၂၀၀၇)မှာ ဒို့တာဝန်အရေးသုံးပါးအား အမျိုးသားရေးတာဝန်အဖြစ် ခံယူကျင့်သုံးသွားမည်၊ အမျိုးသားညီလာခံကြီးမှချမှတ်ခဲ့သော အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်အညီရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်ရေးအတွက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားမည်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးနှင့်အတူ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်၊ နိုင်ငံတော်သစ် တည်ဆောက်ရေးကို ထိပါးနှောင့်ယှက်မည့် အဖျက်လုပ်ရပ်မှန်သမျှအား စွန့်လွှတ်စွန့်စားသောသတ္တိဖြင့် ကာကွယ်တွန်းလှန်သွားမည်၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ ညင်သာစွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် ပြည်သူများနှင့် လက်တွဲဆောင်ရွက်သွားမည်၊ ဆိုပြီး ဖော်ပြထားတာတွေ့ရပါတယ်။

နအဖသတင်းစာတွေမှာ နေ့စဉ်ရက်ဆက်ဖော်ပြနေတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေရဲ့ သဘောထားကြေညာချက်တွေထဲမှာ **(PDF)** ခေါ် ငြိမ်းချမ်းရေးနဲ့ဒီမိုကရေစီတပ်ဦးအဖွဲ့ဝင် အပစ်ရပ်အဖွဲ့တချို့ ပါဝင်တာမတွေ့ရသေးသလို **(KIO)** ခေါ် ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့လည်း ပါဝင်တာကို ဒီနေ့အထိ မတွေ့ရသေးပါဘူး။ ဒီအဖွဲ့တွေအနေနဲ့ နအဖရဲ့ ဖိအားပေးမှု၊ စည်းရုံးမှုတွေကို ဘယ်လောက်အထိ တောင့်ခံနိုင်မလဲဆိုတာကို စောင့်ကြည့်ရမှာဖြစ်ပေမဲ့ သူတို့ရဲ့ မှန်ကန်တဲ့သဘောထားကိုတော့ ပြည်သူလူထုအနေနဲ့ ထောက်ခံကြိုဆိုမှာ သေချာပါတယ်။

လူမျိုးစုအပစ်ရပ်အဖွဲ့တွေအနက် နအဖရဲ့ ဖိအားပေးမှုကို ပြတ်ပြတ်သားသား ငြင်းဆန်တုန့်ပြန်ရဲတဲ့အဖွဲ့ကတော့ မွန်ပြည်သစ်ပါတီ **(NMSP)** ဖြစ်ပါတယ်။ မွန်ပြည်သစ်ပါတီ ဗဟိုကော်မတီဌာနချုပ်က နိုဝင်ဘာ(၁၆)ရက်နေ့ ရက်စွဲနဲ့ "ဒေါ်အောင်ဆန်းစုကြည်၏ ကြေညာချက်သဘောထားကိုဆန့်ကျင်ပြီး စစ်အစိုးရ၏အမျိုးသားညီလာခံကို ထောက်ခံကြောင်း စစ်အစိုးရက အပစ်ရပ်အဖွဲ့များ၊ နိုင်ငံရေးအဖွဲ့အစည်းများကို လိုက်လံစည်းရုံး သဘောထားရယူပြီး ထုတ်ပြန်နေစေခြင်းကိစ္စရပ်

အပေါ် မိမိတို့ မွန်ပြည်သစ်ပါတီ၏သဘောထား" ဆိုပြီး ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ ဒီကြေညာချက်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ထုတ်ပြန်ကြေညာချက်ပါ နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးရေးဆိုတဲ့ သဘောထားကို မွန်ပြည်သစ်ပါတီက မူအရထောက်ခံကြောင်း အတိအလင်းဖော်ပြထားပြီး နိုင်ငံရေးပြဿနာတွေကို တွေ့ဆုံဆွေးနွေးဖြေရှင်းကြရာမှာ တိုင်းရင်းသား လူမျိုးစုတွေလည်း ပါဝင်မှသာ ပြီးပြည့်စုံတဲ့ပြေလည်မှုကို ရရှိနိုင်လိမ့်မယ်လို့ သူတို့ပါတီအနေနဲ့ ခိုင်ခိုင်မာမာ ယုံကြည်ကြောင်း ပွင့်ပွင့်လင်းလင်း ဖော်ပြထားတာ တွေ့ရပါတယ်။

မွန်ပြည်သစ်ပါတီဟာ စစ်အစိုးရရဲ့အမျိုးသားညီလာခံကို ကိုယ်စားလှယ်စေလွှတ်ပြီး သူတို့ရဲ့အမြင်သဘောထားတွေနဲ့ လူမျိုးစုတွေရဲ့ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေအတွက် တင်ပြဆွေးနွေးခဲ့ပေမဲ့ စစ်အစိုးရက လက်မခံ၊ အသိအမှတ်မပြုလို့ နောက်ပိုင်းမှာ လေ့လာသူအဆင့်ကိုသာ စေလွှတ်ခဲ့တဲ့ တစ်ခုတည်းသောအပစ်ရပ်အဖွဲ့လည်း ဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ် ဩဂုတ်လမှာကတည်းက နအဖစစ်အစိုးရက မွန်ပြည်သစ်ပါတီကို လက်ရှိရရှိထားတဲ့ ငြိမ်းချမ်းရေးသဘောတူညီချက်တွေကို မပျက်ပြားစေဖို့ ဆက်လက်ထိန်းသိမ်းသွားလိုတဲ့ဆန္ဒ ရှိပါသေးသလား၊ ပါတီကိုဖျက်သိမ်း လက်နက်တွေကိုအစိုးရထံမှာအပ်ပြီး သာမန်အရပ်သားတွေလို ရပ်တည်နေထိုင်သွားလိုတဲ့ဆန္ဒ ရှိပါသလား၊ ဒါမှမဟုတ် အရင်ကချမှတ်ထားတဲ့ လက်နက်ကိုင်လမ်းစဉ်အတိုင်း ပြန်လည်တောခိုပြီး တိုက်ခိုက်ချင်ပါသလားဆိုတဲ့ စိမ်ခေါ်တဲ့မေးခွန်းတွေနဲ့ ခြိမ်းခြောက်ခဲ့ပေမဲ့ မွန်ပြည်သစ်ပါတီဟာ ဒီကနေ့အထိ ပြည်သူလူထုကို သစ္စာမဖေါက်ပဲ ယုံကြည်ချက်အတိုင်း ဆက်လက်ရပ်တည်နေတဲ့အဖွဲ့ ဖြစ်ပါတယ်။

တချိန်က အမျိုးသားရေး၊ လူတန်းစားရေးတွေအတွက် စစ်အာဏာရှင်စနစ်ကို လက်နက်စွဲကိုင် တော်လှန်ခဲ့ကြတဲ့ တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင် အပစ်ရပ်အဖွဲ့အများစုဟာ ကိုယ့်ပြည်သူလူထုရဲ့ဆန္ဒတွေကို ဆန့်ကျင်ကျော်ခိုင်းပြီး စစ်အာဏာရှင်တွေအလိုကျ လိုက်နာဆောင်ရွက်ပေးနေရတာဟာ အလွန်ရှက်စရာကောင်းတဲ့ သိက္ခာမဲ့လုပ်ရပ် ဖြစ်ပါတယ်။ ဒီအဖွဲ့တွေဟာ ဒီတစ်ကြိမ်သာ စစ်အာဏာရှင်တွေအလိုကျ လိုက်နာလုပ်ဆောင်ပေးခဲ့ရတာ မဟုတ်ပါဘူး။ ၁၉၉၈ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းခဲ့စဉ်က တစ်ကြိမ်၊ ၂၀၀၅ခုနှစ် ဧပြီလမှာ ရှမ်းပြည်လွှတ်လပ်ရေးကြေညာခဲ့စဉ်က တစ်ကြိမ်၊ ၂၀၀၆ခုနှစ် စက်တင်ဘာ(၁၅)ရက်နေ့မှာ အမေရိကန်နိုင်ငံရဲ့တင်ပြမှုကြောင့် မြန်မာ့အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာဆွေးနွေးဖို့ ဆုံးဖြတ်ချက်ချမှတ်ခဲ့စဉ်က တစ်ကြိမ်၊ ၂၀၀၇ခုနှစ် ဇန်နဝါရီလမှာ အမေရိကန်နဲ့ ဗြိတိန်နိုင်ငံတို့က ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်ချမှတ်နိုင်ဖို့ မူကြမ်းတစ်ရပ် တင်သွင်းခဲ့မှုအပေါ် ဆန့်ကျင်ကန့်ကွက်ခဲ့စဉ်က တစ်ကြိမ်၊ စတဲ့ စတဲ့ အကြိမ်ပေါင်းများစွာ စစ်အာဏာရှင်တွေအကြိုက် ကြေညာချက်အမျိုးမျိုးကို ထုတ်ပြန်ပေးခဲ့ကြရတာကို တွေ့နိုင်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ နအဖပိုလ်ချုပ်တွေလို တိုင်းရင်းသားလူမျိုးစုတွေအပေါ် မရိုးသားတဲ့စိတ်မျိုး ဘယ်တုန်းကမှ မထားခဲ့ပါဘူး။ တိုင်းရင်းသားတွေကို ကိုယ်စားပြုပြီး သူတစ်ဦးတည်း တာဝန်ခံဆွေးနွေးမယ်လို့လည်း တစ်ခါမှ မပြောခဲ့ပါဘူး။ ဒီအချက်ကို ရှင်းလင်းစေဖို့အတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဒုတိယအကြိမ် နေအိမ်အကျယ်ချုပ်က လွတ်မြောက်ခဲ့တဲ့ ၂၀၀၂ ခုနှစ် မေလ(၆)ရက်နေ့မှာ တိုင်းရင်းသားခေါင်းဆောင်တွေကို ချက်ချင်းခေါ်ယူတွေ့ဆုံပြီး ပြောခဲ့တဲ့စကားတွေက သက်သေခံနေပါတယ်။ "တိုင်းရင်းသားတွေရဲ့အရေးကို တိုင်းရင်းသားတွေကိုယ်တိုင် ပါဝင်ဆုံးဖြတ်ဖို့လိုတယ်၊ ဒါကြောင့် အခုအချိန်ကစပြီး တိုင်းရင်းသားတွေအနေနဲ့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲအတွက် စတင်ကြိုးပမ်း အားထုတ်သွားကြဖို့ လိုအပ်နေပြီ" လို့ အဲဒီအချိန်ကတည်းက ပွင့်ပွင့်လင်းလင်း ပြောဆိုသတိပေးခဲ့တာကို တွေ့နိုင်ပါတယ်။

အပစ်ရပ်အဖွဲ့တွေ၊ လက်နက်ချအဖွဲ့တွေအနေနဲ့ ရဟန်းသံဃာတွေနဲ့ ပြည်သူတွေက အသေအကျေခံ တိုက်ပွဲဝင်ပြီး ရယူထားခဲ့ရတဲ့ ပြည်တွင်းပြည်ပဖိအားတွေကို ပြည်သူလူထုအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အကျိုးရှိရှိ အသုံးချရမဲ့ အချိန်ကောင်းမှာ တစ်ဦးချင်းအကျိုးစီးပွားကိုရှေ့တန်းတင်ပြီး စစ်အာဏာရှင်တွေအလိုကျ ကြေညာချက်တွေ ထုတ်ပြန်ပေးနေတာဟာ တွေးမိတိုင်း အသဲနာစရာ အလွန်ကောင်းပါတယ်။ ဒါပေမဲ့ ဒီလို အချောင်သမားတွေ၊ အဖွဲ့အစည်းတွေကို တိုင်းရင်းသားပြည်သူလူထုက သူတို့ခေါင်းဆောင်အဖြစ်နဲ့ အသိအမှတ်ပြုလေ့ မရှိပါဘူး။ ဒါကြောင့် ဒီအဖွဲ့တွေက ဒေါ်အောင်ဆန်းစုကြည်ရဲ့ကြေညာချက်ကို ကန့်ကွက်တာဟာ လူမျိုးစုံပြည်သူတွေက ကန့်ကွက်တာမဟုတ်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြေညာချက်ကို ၁၉၉၀ ရွေးကောက်ပွဲမှာ မဲဆန္ဒနယ်(၄၈၅)ခုအနက် (၈၉)ရာခိုင်နှုန်းဖြစ်တဲ့ (၄၃၃)နေရာမှာ အပြတ်အသတ်အနိုင်ရခဲ့တဲ့ တိုင်းရင်းသားပါတီ(၅)ခုနဲ့ စုပေါင်းဖွဲ့စည်းထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ **(CRPP)** က ထောက်ခံခဲ့တာဟာ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက ထောက်ခံတဲ့သဘော သက်ရောက်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

***End of report/ Sunday, November 18, 2007***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***